Highlights from DVB Debate's Rural Education Show

July 2, 2016

"What are the best Rural Education Ideas?"

"လူ ၅၀၀ ပြည့်မှ အထက်တန်းကျောင်းပေးမယ်ဆိုတော့ ကျေးလက်ဒေသတွေမှာ ဘယ်လိုမှ ကျောင်းသား ဦးရေ ၅၀၀ မပြည့်နိုင်တော့ အထက်တန်းဆက်တက်ရမယ့် ကလေး ၃-၄ ယောက်လောက်က ကျောင်းမရှိတော့ အထက်တန်းမတက်နိုင်တော့ဘဲ လုပ်ငန်းခွင်ထဲ ရောက်သွားရော"

ဒေါ်ချယ်ရီဇာဟောင် - ချင်းတိုးတက်ရေးပါတီ တွဲဖက်အတွင်းရေးမှူး ၂

---

"ရှမ်းပြည်မှာ ဆရာ၊ ဆရာမတွေ မရှိတော့ အောက်မြန်မာပြည်က ဆရာ၊ ဆရာမတွေကို ခေါ်သင်ရတော့ ကလေးတွေက မိခင်ဘာသာစကားမဟုတ်တော့ သူတို့ စာသင်ရာမှာ နားမလည်ဘူး. ကျောင်းမှာ မပျော်တော့ဘူး"

နန်းဟိုးဆိုင် - ရှမ်းလူငယ်ပညာရေးအစီအစဉ် ညှိနှိုင်းရေးမှူး

---

"ကျေးလက်ဒေသတွေမှာတော့ သာတူညီမျှထပ် ပိုမယ့် ထောက်ပံ့မှုတွေကို ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီမူဝါဒတွေထည့်သွင်း စဉ်းစားသွားဖို့ ရှိပါတယ်။ မြို့ပေါ်မှာ ဆရာတွေပိုနေမယ် ကျေးလက်မှာ ဆရာနဲ့ ကျောင်းသားကမမျှဘူး စသဖြင့် အခက်အခဲတွေ ရင်ဆိုင်နေရပါတယ်"

ဒေါက်တာ ဝင်းအောင် - မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း အကြံပေးပညာရှင်

"တနိုင်ငံလုံးအတိုင်းအတာနဲ့ ကျောင်းမရှိတဲ့ ဒေသတွေ အများကြီးရှိသေးတယ်။ သာတူညီမျှမှုတွေ ရှိတယ် ဘယ်လောက်ပဲ လှပအောင်ပြောနေပါစေ ငြိမ်းချမ်းရေးတွေ မရှိသေးသရွေ့ ကျေးလက်ပညာရေး ဘယ်လိုမှ အောင်မြင်မှာ မဟုတ်ဘူး"

နန်းဟိုးဆိုင် - ရှမ်းလူငယ်ပညာရေးအစီအစဉ် ညှိနှိုင်းရေးမှူး

---

"ကျောင်းတွေမှာ ဆရာ၊ ဆရာမများအိမ်ရာဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဘူး။ ဆရာ၊ ဆရာမတွေအတွက် ပံ့ပိုးပေးမှုတွေကလည်း အရေးကြီးပါတယ်"

ဦးအုန်းမြင့် - သန်လျင်မြို့နယ် မြေစာရင်းဦးစီးဌာန(ငြိမ်း)

---

"နယ်စွန်နယ်ဖျားဒေသက မသန်စွမ်းကလေးတွေ မွေးဖွားစဉ်ကနေ သေသည်အထိ ပညာသင်ယူခွင့်တွေ ဆုံးရှုံးနေပါတယ်"

ဦးထာအုပ် - ဒေင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ

---

"နေပြည်တော်က မူဝါဒတွေ ဘယ်လောက်ကောင်းကောင်း ရှမ်း၊ ကချင်၊ စစ်ကိုင်း ဒေသတွေဘက် မရောက်ဘူးရှင့်"

ဒေါ်ချယ်ရီဇာဟောင် - ချင်းတိုးတက်ရေးပါတီ တွဲဖက်အတွင်းရေးမှူး ၂

---

"အမျိုးသားပညာရေးဥပဒေမှာ မူတွေ ဘယ်လောက်ပဲ လှနေပါစေ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သင်ရိုးနဲ့ပတ်သက်တာတွေ စာမေးပွဲစစ်တဲ့ ကိစ္စတွေကို ဗဟိုကိုပဲ သွားပေးထားတယ်။ နိုင်ငံရေးဖြေရှင်းမှုဘက်ကနေ ပညာရေးစီမံခန့်ခွဲမှုတွေကို ပြည်နယ်အဆင့်ပေးမလား မြို့နယ်အဆင့်ကို ပြန်ခွဲပေးမလား ဆိုတာတွေနဲ့ ဖြေရှင်းရမယ်"

နန်းဟိုးဆိုင် - ရှမ်းလူငယ်ပညာရေးအစီအစဉ် ညှိနှိုင်းရေးမှူး

---

"ကျေးလက်ဒေသက ကလေးတွေက အသက် ၁၂-၁၃ ရောက်လာရင် ကျောင်းတက်ဖို့ထက် အလုပ်လုပ်ဖို့ ကြုံလာရပြီ မိဘတွေက တနစ်ပြီးတနစ်စာသင်ရင်း အချိန်ကုန်ခံမယ့်အစား သူတို့သားသမီးတွေကို စက်ရုံတွေမှာ အလုပ်လုပ်နိုင်းမှသာ သက်မွေးဝမ်းကျောင်း ပညာတခုခုရမယ် ဆိုတဲ့ အတွေးအခေါ်တွေ ရှိနေပြီ"

ဒေါ်ချယ်ရီဇာဟောင် - ချင်းတိုးတက်ရေးပါတီ တွဲဖက်အတွင်းရေးမှူး ၂

---

"အစိုးရကိုယ်တိုင်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေ ပျောက်စေချင်နေတာဗျ၊ ကျနော်တို့ကို ခွဲခြားဆက်ဆံတယ်"

ဦးတင်ဇော် - လယ်တီဝံသဘုန်းတော်ကြီးသင်ပညာရေးကျောင်း တာဝန်ခံ

---

"ကျောင်းတွေရဲ့ ဥပမိရုပ်က လုံးဝ မကောင်းတော့ဘူး။ အားကစားလုပ်စရာနေရာက အစ မရှိဘူး ဒါတွေလုပ်ဖို့လိုတယ်။ ကျေးလက်ဒေသဘက် တာဝန်သွားထမ်းဆောင်မယ့် ဆရာတွေ ဆရာမတွေအတွက် ထောက်ပံ့ကြေး ပိုပေးဖို့လိုတယ်။"

ဒေါက်တာ C.Thung - ပညာရေးဝန်ထမ်းဟောင်းတဦး

---

"မူလတန်းပြီး အလယ်တန်း၊ အလယ်တန်းပြီး အထက်တန်း အဆင့်ဆင့် ရာထူးတိုးတဲ့ စနစ်ကလွဲနေတယ်။ ဒီလိုမလုပ်ဘဲ မူလတန်းအဆင့်မှာကို ရာထူး အဆင့် ၁၊ ၂ သတ်မှတ်ပြီး ဘယ်ဒေသပဲသွားသွား ဒီအတန်းမှာပဲဆက်လုပ်သွားမှ ဆရာ၊ ဆရာမလည်း အရည်အသွေးတက်လာမယ်"

ဒေါက်တာ ဝင်းအောင် - မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း အကြံပေးပညာရှင်

---